မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 6/Issue 11/November/ 2013




*Occasion … Thanksgiving Service*
*Date … Thursday, November 28, 2013*
*Time … 2:00 PM*
*Place … St. Luke's Episcopal Church*
*122 S. California Ave. Monrovia, CA 91016*

** There will be Power Point Slide Show presentation by John Ma.**

*Let us give thanks to the LORD for His abundance blessings through out the whole year.*

*Please join us on this special day*

*After the Service, we will serve Thanksgiving Potluck Dinner.*




*For each new morning with its Light,*
*For rest and shelter of the night,*
*For Health and Foods,*
*For love and friends,*
*For Everythings Thy goodness sends.*

*Ralph W. Emerson*



# ကျေးဇူးတော်သည်ထူးမြတ်လှနေလေ

ဒီနှစ် Thanksgiving Day လည်း အခြားနေ့များတွေလို ပုံမှန်အလုပ်ဆင်း နေရအုံးမှာဘဲ။ သေချာပါတယ်။ နားရက်ရမှာ ‥ မဟုတ်ပါဘူး။

ကျမက ၂၄ နာရီဖွင့်တဲ့ အဝေးပြေးကုန်တင်ကားဂိတ်ရှိ စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်နေတာ ‥ ၁၁ နှစ်ရှိပါပြီ။

လွန်လေပြီးသော Thanksgiving Day များက အကြောင်းအရာများကို ပြန်လည်ကာစဉ်းစားယင်း … နှစ်အနည်းငယ်အကြာက တနေ့သော Thanksgiving Day မှာ တစ်ယောက်သောစားသုံးသူ (ကုန်တင်ကားကြီးမောင်းသူ) မှာထားသော အစားအစာကို သူ့စားပွဲရှေ့သို့ ချပေးရာ ထိုသူက ကျမကိုလည်း မော့မကြည့်ဘဲ ဖုံးပြောနေတာကို သိလိုက်တော့ ကျမလည်း ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ နေလိုက်ပါတယ်။ ဒါပေမဲ့ သတိထားမိတာတော့ ‥ သူငိုနေတယ်။

အို! အဘဘုရားသခင် … ဒီနေ့လို Thanksgiving Day မှာ တစ်ဦးတစ်ယောက် ဝမ်းနည်းကြေကွဲ နေရတဲ့ အဖြစ်မျိုးကို ကျမ သိပ်ကိုမုန်းတာဘဲလို့ တင်ပြ စဉ်းစားရင်းနဲ့ ‥ မီးဖိုခန်းထဲသို့ ဦးတည်ဝင်လာခဲ့တယ်။ အကယ်၍ ဒီအားလပ်ရက်မှာ ကျမ အလုပ်လုပ်ရမယ်ဆိုရင် ‥ အကူအညီ အမှန်တကယ်လိုနေတဲ့သူကို ကျမ ကူညီမစလိုပါတယ်…။

ဒီလိုနဲ့ ကျမ သူ့ရဲ့စာပွဲဆီသို့ ပြန်သွားခဲ့ပါတယ်။ "ကျမ ဘာများကူညီရမလဲ။" လို့မေးလိုက်တယ်။

ထိုသူက " မင်း ‥ ကူညီနိုင်မယ်လို့လည်း ငါ ‥ မထင်ပါဘူး။"

သူက ဆက်၍ သူ့ဇနီးက ကွာရှင်းပြတ်စဲဖို့ သူ့ကို တောင်းဆိုနေကြောင်း ပြောပြပြီး၊ " ငါက ‥ ငါ့ဇနီးကို ငါကိုယ် တိုင် သူမနဲ့တွေ့ဆုံပြီး၊ စကားပြောချင်တယ်။ ဒါပေမဲ့ ငါက ‥ နောက်ထပ် ၃ ရက်နီပါး လမ်းပေါ်မှာဘဲ ရှိနေအုံးမယ်။ အဲဒီ ၃ ရက်က ငါ ‥ ထင်ပါတယ် တစ်သက်လုံး ဖြစ်သွားတော့မယ်လို့ ငါ ‥ မြင် ယောင်နေမိတယ်။"

ထိုစဉ် ကျမက " မင်းအမည် နဲ့ မင်းဇနီးရဲ့အမည်ကို ဒီစာရွက်လေးပေါ်မှာ ရေးပေးပါလား" ပြောရင်း ကျမစာရင်းမှတ်တဲ့ စာရွက်နဲ့ဘောပင်လေးကို သူ့ရှေ့စားပွဲပေါ်မှာ ချပေးလိုက်တယ်။ "ငါ ‥ မင်းတို့နှစ်ယောက်အတွက် ဆုတောင်းပေးမယ်။"

ဒီလိုပြောလိုက်တဲ့အခါ သူက ‥ အံ့သြသွားတယ်။ သို့သော် ထိုသူက နာမည်တွေကို ရေးပေးပါတယ်။ "ဘယ်လို အကောင်း ဖြစ်လာမလဲတော့ ငါ ‥ အတိအကျမပြောနိုင်ဘူး။ ဒါပေမဲ့ မင်းကို ကျေးဇူးဥပကာရ တင်ပါတယ်။"

ကျမက သူ့ကို "ပြဿနာ အခက်အခဲ မဟုတ်ပါဘူး" လို့ပြန်ပြောပြီး၊ သူတို့နာမည် ရေးထားတဲ့ စာရွက်လေးကို ဖျတ်ယူပြီး၊ ကျမရဲ့ အိက်ျီအိတ်ထဲသို့ ထည့်လိုက်တယ်။ "ထိုသူ ဆုတောင်းချက်ရဲ့ အဖြေကို ရတဲ့အခါ  ကျမထံကို ပြန်လာပြီး ပြောမှာ သေချာပါတယ်။"

ကျမလည်း သူ့ကို ၁၂လပတ်လုံး စောင့်မနေပါ။ သို့သော် နောက်နှစ် Thanksgiving Day ညမှာ ကျမတို့ အဝေးပြေးကုန်တင်ကားဂိတ်ရှိ စားသောက်ဆိုင်မှာ ထိုင်နေတဲ့ ထိုလူကို လှမ်းမြင်လိုက်တယ်။

ထိုလူမှာထားတဲ့ အစားအစာတွေကို ကျမယူလာစဉ်မှာ "မင်းရဲ့ဆုတောင်းခြင်းဟာ Miracle လိုပါဘဲ "လို့သူကြေငြာ၍၊ "ငါနဲ့ငါ့ဇနီး ပြန်လည်သင့်မြတ် အဆင်ပြေပြီး၊ မကြာသေး ခင်ကပဲ ပထမကလေး ရရှိခဲ့ပြီ။"

ဘုရားသခင်သည် အစဉ်အမြဲ တစ်နေ့မှာ၂၄နာရီ ဆုတောင်းချက်တွေကို လက်ခံနေပါတယ်။ နားညောင်း၍ အဖြေပေးနေပါ၏။ ❑

## " နာမတော်ကို ချီးမြှောက်ပါ "

အိုထာဝရဘုရား…၊

အကျွန်ုပ်၏ ပဌနာစကားကို နားထောင်တော်မူပါ။
အသနားတော်ခံသော စကားသံကို မှတ်တော်မူပါ။
ဘေးရောက်သည်ကာလ ကိုယ်တော်ကို ခေါ်ပါမည်။
ကိုယ်တော်လည်း ထူးတော်မူတတ်ပါ၏။

အိုထာဝရဘုရား…၊

ဘုရားတို့တွင် ကိုယ်တော်နှင့် တူသော ဘုရားမရှိပါ။
အမှုတော်နှင့် တူသော အမှုလည်းမရှိပါ။

အိုထာဝရဘုရား…၊

ဖန်ဆင်းတော်မူသော လူမျိုး အပေါင်းတို့သည် ချဉ်းကပ်လျက်
ရှေ့တော်၌ ပြပ်ဝပ်၍၊ နာမတော်ကို ချီးမြှောက်ကြပါစေသောဝ်။
အာမင်း။

# ကောင်းကြီးမိုးရေ ရွာသွန်းလေ

ဒီနေ့ဟာ ပူပြင်းခြောက်သွေ့သော နွေရာသီရဲ့ အပူဆုံး နေ့တစ်နေ့ပါ။

မိုးမရွာသည်မှာ တစ်လနီးပါး ရှိပါပြီ။ စိုက်ခင်းထဲက သီးနှံပင်တွေ ရေမလို့ ညှိုးနွမ်းနေကြပြီ။ နွားတွေလည်း ရေငတ်လို့ နို့ခမ်းကုန်တော့မည်။ စမ်းချောင်းတွေ မြောင်းတွေဆီက ရေစီးသံမကြားရ၍ ခမ်းခြောက်နေပြီ။ ဤသို့သာ ဆက်ပြီးခြောက်သွေ့နေရင် စိုက်ပျိုးမွေးမြူရေးသမားများ အရှုံးပေါ်လိမ့်မည်။

ကျမ၏ခင်ပွန်းနှင့်သူ့ညီက ရနိုင်သမျှနည်းလမ်းဖြင့် ရေကိုယူပြီး စိုက်ခင်းအတွက် ကြိုးစားသယ်ယူကြပါသည်။ မရတဲ့အဆုံးမှာ ဒေသခံရေပေးတဲ့ နေရာအထိ သွားရောက်ကာ  ထရပ်ကားကြီးဖြင့် ရေတင်လာ၍ ကျမတို့ စိုက်ခင်းတွေကို အလှည့်ကျ ရေပေးကြပါသည်။

အကယ်၍ ဒီလိုသာ မိုးမရွာဘူးဆိုလျှင် ကျမတို့ ရင်းနှီးထားသမျှ အားလုံး ဆုံးရှုံးကြရတော့မှာပါ။

ယနေ့ ကျမကိုယ်တိုင် မျက်စိနှင့် တွေ့မြင်ခဲ့ရသော အံ့သြဘွယ်အကြောင်းအရာ အဖြစ်အပျက်တစ်ခုကို လေ့လာသင်ယူယင်း၊ သက်သေခံဝေမျှချင်ပါသည်။

ကျမအိမ်ရှိ မီးဖိုခန်းထဲ၌ ကျမ၏ခင်ပွန်းနှင့်သူ့ညီ စားဖို့ နေ့လည်စာကို ပြင်ဆင်နေချိန်မှာ ဖြနှစ်အရွယ်ရှိ ကျမ၏သားလေး ဘီလီတစ်ယောက် အိမ်အနောက်ဘက်ရှိ တောတန်းလေးထဲသို့ လျှောက်သွားတာကို ကျမ မြင်လိုက်ပါသည်။ သူက လွတ်လပ်သွက်လက်စွာ လမ်းလျှောက်သွားနေသော ပုံစံမျိုးမဟုတ်။ သတိနဲ့ ချိန်နဲ့စွာ သွားနေသည်။ သို့သော် တစ်စုံတခုကို ရည်ရွယ်ချက်နဲ့ အလေးအနက်ထားလုပ်နေပုံရပါသည်။ ကျမက သူ၏နောက်ကျောကိုသာ လှမ်းတွေ့လိုက်တာပါ။ သူ့တကယ်ကိုပဲ အားထုတ်ပြီးလျှောက်နေပုံက တစ်စုံတစ်ခုကို ကြိုးစား လုပ်ဆောင်နေတဲ့ပုံပါဘဲ။

တောတန်းလေးထဲ ဝင်သွားတဲ့ ဘီလီဟာ မိနစ်အနည်းငယ်အကြာမှာ အိမ်ဘက်ဆီသို့ ပြေးထွက်လာသည်။ ကျမလည်း အစားအစာကို ပြင်ဆင်ယင်း၊ ဘီလီ ဘာကိုများ မဖြစ်မနေ ကြိုးစားပမ်းစား လုပ်နေပါလိမ့်လို့ စဉ်းစားမိသည်။ ခဏအကြာ ဘီလီ တောတန်းလေးထဲ ဖြေးနှေးစွာ ပြန်ဝင်သွားတယ်။ သူ့ တောတန်းလေးသို့ ဂရုတစိုက်နဲ့ ဖြေးဖြေးလျှောက်သွားလိုက်၊ အိမ်ဘက်သို့ ပြေးထွက်လာလိုက်၊ လုပ်နေတာ တစ်နာရီ နီးပါးကြာပါသည်။

ကျမလည်း မိခင်တစ်ယောက် အနေနဲ့ ဒီအတိုင်း ဆက်မနေနိုင်တော့သဖြင့် နောက်ဆုံးမှာ အိမ်ထဲကထွက်လာပြီး၊ ဘီလီ မသိအောင် သူ့သွားရာနောက်သို့ လိုက်ချောင်းကြည့်ခဲ့သည်။ သူ့လက်ခုပ်ထဲ ရေအပြည့်ထဲ့ပြီး မဖိတ်မစင်အောင် ဂရုစိုက်ကာ ဖြေးဖြေးလေး လျှောက်နေသည်။ သူ့ရေက သုံးလေးဇွန်းလောက်ပဲ ရှိမှာပါ။ ကျမလည်း ခိုးကြောင်ခိုးဝှက်နဲ့ အနီးကပ် လိုက်သွားရာ သူ့မျက်နှာကို သစ်ကိုင်းသစ်ခက် ဆူးတွေ ခြစ်လည်း သူ့အမှုမထား ဂရုမစိုက်။ ထိုအရာတွေကို မဖယ်ရှား မရှောင်သွား။ သူ့ရည်ရွယ်ချက်က မြင့်မားလှချည်လားလို့ ဆက်ပြီး သူ့အပေါ် သူလျှိုလုပ်လေ့လာရာတွင်၊ အလွန်အံ့သြဘွယ်ရာ မြင်ကွင်းကို ကျမ တွေ့ရ၏။

ဘီလီရဲ့အရှေ့မှာ သမင်အုပ်ကြီးကို မှုံမှုံမွားမွားနဲ့ ရုတ်တရက်တွေ့ရပြီး၊ ဘီလီ သမင်တွေရှိရာသို့ တည့်မတ်စွာ လျှောက်သွားသည်။ ကျမက မသွားနဲ့ ဝေးဝေးရှောင်ဖို့ အော်ဟစ်မလို ဖြစ်သွားခဲ့သည်။ ဂျိုကားနေတဲ့ သမင်ဖိုတွေက ရန်ပြုဖွယ်တတ်လို့ အနီးကပ်သွားရင် အန္တရယ်ဖြစ်နိုင်ပါသည်။ ဒါပေမဲ့ သမင်ဖိုကြီးက ဘီလီကို ရန်မပြုပါ။ ဘီလီ သူ့ရှေ့မှာ ဒူးထောက်ထိုင်နေစဉ်ပင် သမင်ဖိုကြီးက တုပ်တုပ်မျှ မလှုပ်မရှားပါ။ ထိုနောက် သမင်ငယ်လေးတစ်ကောင် မြေကြီးပေါ်မှာ လဲကျနေသည်။ အမှန်မှာ ရေငတ်လို့ ကိုယ်တွင်းရှိရေခမ်းခြောက်၍ ပူပြင်းတဲ့ရာသီဒဏ် မခံရပ်နိုင်လို့ပါ။ ကျမသား ဘီလီက လဲကျနေသော သမင်ငယ်လေးကို ရေတိုက်သည်။ သူ၏ လက်ခုပ်ထဲက ရေကို သမင်ငယ်လေးက လျှာဖြင့်လျှက်သောက်ဖို့ရန် သူ့ခေါင်းကို အားပြု၍ ကြိုးစားပြီး မတ်ယူရ၏။

ရေကုန်သွား၍ ဘီလီက ခုန်ပေါက်ပြီး အိမ်ဘက်သို့ လျင်မြန်စွာ ပြန်လှည့်ပြေးသွားသောအခါ၊ ကျမက သစ်ပင်အနောက်မှာ ပုန်းကွယ်နေလိုက်၏။ သူ့အနောက်မှ အိမ်ဘက်သို့ လိုက်လာရာတွင်၊ ကျမတို့ ပိတ်ဆို့ထားသဖြင့် ရေပိုက်ကို ဘီလီက အဆုံးထိ ဖွင့်သော်လည်း ရေတစ်စက်တစ်စက်သာ ကျလာသည်။ တဖြေးဖြေးကျလာသောရေစက်ကို ဒူးထောက်ကာ သူ့လက်ခုပ်ဖြင့် ခံယူပြီး ရေဖြည့်သည်။ ထိုစဉ် သူ၏နောက်ကျောပေါ်သို့ ပူပြင်းလှတဲ့နေပူရှိန် တည့်တည့်ထိုးနေ၏။ လွန်ခဲ့တဲ့တစ်ပါတ်ကျော်က ဘီလီလေး ရေပိုက်ခေါင်းကို လှည့်ကစားနေ၍ ရေကိုမဖြုန်းတီးဖို့၊ ရေသည် အလွန်အရေးကြီးကြောင်း ပြောဆိုသွန်သင်ထားသည်။ ထို့အတွက်ကြောင့် သူ့အား ကူညီမစဖို့ ကျမကို မပြောတာလည်း ဖြစ်နိုင်ပါသည်။

ရေပိုက်ခေါင်းက တစ်စက်တစ်စက် ကျနေသောရေကို သူ့လက်ခုပ်ထဲ ရေပြည့်ဖို့ မိနစ် ၂၀ နီးပါးကြာသည်။ သူ့ မတ်တတ်ရပ်ပြီး ပြန်သွားဖို့ လှည့်အထွက်တွင် သူ့ရှေ့မှာ ကျမရပ်လိုက်သဖြင့် ကျမရှိနေတာကို တွေ့လျှင်၊ သူ့မျက်ဝန်းမှာ မျက်ရည်တွေအပြည့်နဲ့ သူ့ရေဖြုန်းတီးနေတာ မဟုတ်ဘူးလို့ ပြောပါ သည်။

ဘီလီ..လှမ်းလျှောက်ထွက်သွားသည်နှင့် တပြိုင်နက် ကျမလည်း မီးဖိုခန်းထဲက အိုးလေးတစ်လုံးမှာ ရေဖြည့်ပြီး သူနှင့်အတူလျှောက်သွားသည်။ ဘီလီ သမင်လေးကို ကြည့်ရှုပြုစုရအောင် အခွင့်ပေးလိုက်၏။ ဒါက ကောင်းမွန်တဲ့အလုပ်ပါဘဲ။ ကျမက ခပ်လှမ်းလှမ်းမှာ ရပ်နေလိုက်သည်။

တောစပ်အစွန်းနားက ကျမစောင့်ကြည့်နေစဉ် အားသွန်ခွန်စိုက် ကိုယ်စွမ်းရှိသမျှ ပြင်းပြစွာဖြင့် ကြိုးစားပမ်းစားနဲ့ သတ္တဝါတစ်ကောင်၏အသက်ကို ကယ်ဆယ်နေသူရဲ့ နှလုံးသားဟာ အလှပဆုံးလို့ သိရှိလိုက်ချိန်မှာ မျက်ရည်များ တတစ်ပေါက်ပေါက် လိမ့်ဆင်းကျလာပြီး မျက်နှာတပြင်လုံး ရွှဲရွှဲစိုကာ မြေပေါ်သို့ ကျသွားသည်။ ရုတ်တရက်ချက်ခြင်း တစ်ပေါက် .. တစ်ပေါက်နဲ့ ပူးပေါင်းပြီး ပိုများသထက်များလာလို့ မိုးကောင်းကင်ကို မော့ကြည့်မိသည်။

ထိုအခါ အို!ဘုရားသခင် ကိုယ်တော်တိုင် ဂုဏ်ယူဝင့်ကြွားစွာ ငိုကြွေးနေပါလား!!။
ကောင်းကြီးမိုးရေတွေ အဆက်ပြတ် ရွာသွန်းနေပါပြီ။ ကျေးဇူးတော်ကြီးလှပါ၏။

ဤအကြောင်းကို အချို့က ..အလွန်ကြီးမားသော ရောမ တိုက်ဆိုင်မှုကြီးတစ်ခုလို့သာ ထင်မြင်ကြမည်။ အမှန်မှာ ဖြစ်ရိုးဖြစ်စဉ်မဟုတ် ထူးကဲသော အံ့သြဖွယ်ရာ ဖြစ်ရပ်တစ်ခုပါ။ တခါတရံ မညိုမချုန်းဘဲ ရွာလာတဲ့ မိုးလည်း ရှိတတ်ပါသည်။ ဒါကို ငြင်းခုံဖို့ ကျမ .. မကြိုးစားလိုပါ။ ကျမ .. ပြောပြချင်သည်မှာ ထိုနေ့က ရွာသွန်းသောမိုးက ကျမတို့၏ စိုက်ခင်းကို ပြန်လည်ရှင်သန်အောင် ကယ်တင်ခဲ့သည်။ ကျမသားဘီလီ .. သမင်လေး အသက်ကို ကယ်တင်ခဲ့ပုံမျိုး .. ပါဘဲ။

မိုးရေ လုံလောက်စွာ မရရှိသောကြောင့် လယ်ယာစိုက်ခင်းတွေ ပျက်စီးလုနီးပါး အဖြစ်မှ အဘဘုရားသခင် ကယ်တင်လိုက်သကဲ့သို့ အပင်များရှင်သန် သီးနှံအထွက်ကောင်းဖို့ရန်အတွက် ဘုရားသခင် ချပေးသောကောင်းကြီးမိုးရေအားဖြင့် ဆုံးရှုံးမှုထဲက အမြတ်ပေါ်ထွက်လာကြောင်း။ ကျမ၏သားဘီလီ အားဖြင့် စစ်မှန်သောဘုရားသခင်ကို မြင်တွေ့ခဲ့ရကြောင်း သက်သေခံပါသည်။

ခွန်အားယူရန်၊—
သခင်ယေရှု၏ အသွေးတော်အားဖြင့် ပျက်စီးခြင်းလမ်းမှ အသက်ရှင်ခြင်းသို့ ပို့ဆောင်ပါ၏။
ဘုရားသခင်၏ ကောင်းကြီးမိုးအားဖြင့် အရှုံးပေါ်နေရာမှ အမြတ်ထွက်လာပါ၏။
ဘီလီ၏ တစက်စက်ကျရေအားဖြင့် အားနည်းခြင်းမှ ကြံ့ခိုင်သန်စွမ်းလာပါ၏။
ဘီလီ၏ လုပ်ဆောင်မှုအားဖြင့် ဝိညာဉ်မျက်စိကန်းသူကို မြင်တွေ့စေပါ၏။

~~~~~~~~~~~~~ ❑❑❑❑❑❑ ~~~~~~~~~~~~~~




# Make me a blessing

*John Ma*

1. Out on the highways and byways of life,
   Many are the weary and sad;
   Carry the sunshine where darkness is rife,
   Making the sorrowing glad.

Chorus

Make me a blessing, make me a blessing;
Out of my life may Jesus shine.
Make me a blessing, O Saviour I pray,
Make me a blessing to someone today.

2. Tell the sweet story of Christ and His love,
   Tell of His pow'r to forgive;
   Others will trust Him if only you prove
   True every moment you live.

Chorus

3. Give as 'twas given to you in your need,
   Love as the Master loved you;
   Be to the helpless a helper indeed,
   Unto your mission be true.

Chorus

<u>ရာဇဝင်နောက်ကြောင်း။</u>

၁၉၂၄ ခုနှစ်တွင် Moody Bible Institute ၌ Ira B. Wilson နှင့် George S. Schuler တို့သည် တစ်ခန်းတည်း အတူနေသူ roommates အခန်းဖော်များဖြစ်ကြသည်။ သူတို့နှစ်ယောက်သည် တက္ကသိုလ်၌ အတူရှိစဉ် ကမ္ဘာလောကကြီးအတွက် ရည်စူးကာ မိမိတို့၏ ထူးချွန်သောပါရမီ ပင်ကိုယ်စွမ်းရည်တို့ ပူးပေါင်း၍၊ လုပသောသီချင်း Make me a blessing
~~~~~~~~~~~~~

ကို ရေးစပ်ပေးခဲ့သည်။ Ira B. Wilson က Make me a blessing သီချင်းစာသားရေး၍၊ ထိုသီချင်းစာသားကို George S. Schuler က တေးသွားသံစဉ် သွင်းပေးသည်။

ပထမတွင် တေးဂီတထုတ်ဝေသူများက Make me a blessing သီချင်းကို ငြင်းပယ်လိုက်သဖြင့် Schuler သည် မိမိကိုယ်တိုင် ဖြန့်ဝေရန် သီချင်းစာရွက်တစ်ထောင် ပုံနှိပ်ခဲ့ပါသည်။

ဤသို့ဖြင့် ထင်ရှားကျော်ကြားသော အဆိုတော် George Dibble ၏ လက်ထဲသို့ သီချင်းစာရွက် တစ်ရွက် ရောက်ရှိသွား၏။ ထိုအချိန်တွင် George Dibble သည် The International Sunday School Convention in Cleveland, Ohio. တွင် music director အဖြစ် တာဝန်ထမ်းဆောင်လျှက် ရှိသည်။

Dibble သည် ထိုသီချင်းကို အသုံးပြုရန် အခွင့်တောင်းဆိုရာတွင် သဘောတူညီစွာ ခွင့်ပြုချက် ရရှိခဲ့၏။ မကြာမီပင် နေရာတိုင်းမှာ Make me a blessing သီချင်းကို ဆိုနေကြပြီး၊ ထုတ်ဝေသူများလည်း  Make me a blessing သီချင်းကို မိတ္တူများ copies ကူး၍ ဖြန့်ဝေလိုကြ၏။

Make me a blessing သီချင်းကို Ira B. Wilson ရေးစပ်၍ ပြီးသည့် အချိန်နှင့် ထိုသီချင်း ရေပန်းစား လူသိများလာသောချိန်အတွင်း၊ Wilson သည် မိမိကိုယ်ကို သီချင်းရေးစပ်ဆိုသူအဖြစ် လုံးလုံးမေ့လျော့နေခဲ့၏။ သူသေဆုံးသွားသည့်တိုင်အောင် ထင်ပေါ်ကြော်ကြားသော Make me a blessing သီချင်းစာသားကို ရေးသားသူအဖြစ် ဘယ်သောခါမျှသတိမရ၊ မမှတ်မိတော့ပါ။

ဤသီချင်းရေးသားသူ၏အကြောင်း ထွေထွေထူးထူး၊ ဆန်းဆန်း ပြားပြားမရှိသော်လည်း၊ သီချင်းစာသားမှာမူ အလွန်ခွန်အားရရှိစေပါသည်။

## <u>ကောင်းချီးမင်္ဂလာ ဖြစ်စေ တော်မူပါ။</u>

သီချင်း၏ခေါင်းစဉ် Make me a blessing ကို သမာန်ကာလျှံကာ အပေါ် ရံကြောလေ့ရန် ဓါးထစ် ၏.သည် မရွေး ဘာသာပြန်လျှင်"ကျွန်ုပ်ကို ဆုကျေးဇူးကောင်းချီးမင်္ဂလာပြုလုပ်စေပါ။" ဟုအဓိပ္ပါယ် ကောက်ယူလျှင် ဤသီချင်း၏ တကယ့် အနှစ်သာရလျှော့နည်းသွားမည်။ သီချင်းခေါင်းစဉ်ကို Make me a blessing to someone ဟုပြောင်းလဲ၍ ဘာသာပြန်ကြည့်လျှင် "ကျွန်ုပ်ကို တပါ းသူအတွက် ကောင်းချီးမင်္ဂလာ ဖြစ်စေတော်မူပါ။" ဟူသော အဓိပ္ပါယ်အမှန်ကို ရလိမ့်မည်။

### <u>ပထမအပိုဒ်</u> –

ဘဝလမ်းခရီးပေါ် ၌လျှောက်လှမ်းနေသောလူထုပရိသတ် အမြောက် အမြားတို့သည် ပင်ပန်းမောဟိုက်၊ နွံးခွေ ချိနဲ့၊ ဝမ်းနည်းပက်လက် ဖြစ်နေပါသည်။  ဖုံးလွှမ်းသော အမှောင်ထုကြီးထဲသို့၊ နေရောင်ခြည်အလင်းကို သယ်ဆောင်ပေးတော်မူပါ။ ဝမ်းနည်းစိတ်ပျက်၊ ရင်ကွဲပက်လက်ဖြစ်နေသူတို့ကို နှစ်ထောင်းအားရ၊ ရွှင်လန်းဝမ်းမြောက်စေတော်မူပါ။

### <u>ဒုတိယအပိုဒ်</u> –

ခရစ်တော်၊ သူ၏ချစ်ခြင်းမေတ္တာတော်၊ နှင့် ခွင့်လွှတ်နိုင်သောတန်ခိုး အာဏာတော်တို့ကို စီကာပတ်ကုံးပြောပြပေးပါ။ သင့်အသက်တာသည် မှန်ကန်သော ပုံသက်သေကောင်းအဖြစ် မိနစ်တိုင်း မိနစ်တိုင်း ပြသနိုင်မှသာလျှင် အခြားသူတို့သည် ကိုယ်တော်ကို ယုံကြည်လက်ခံကိုးစားလာမည်ဖြစ်သည်။

### <u>တတိယအပိုဒ်</u> –

သင်လိုအပ်သကဲ့သို့ ပေးကမ်းစွန့်ကြဲပါ။ သခင်သင့်ကို ချစ်သကဲ့သို့ ချစ်ပါ။ အကူအညီမဲ့သူတို့ကို အမှန်တကယ် ကူညီပါ။ သို့မှသာလျှင် သင့်ကို လွှဲအပ်ထားသော တာဝန်ဝတ္တရားများကို မှန်မှန်ကန်ကန် ထမ်းဆောင်နိုင်မည်ဖြစ်သည်။

### <u>ထပ်ဆိုရန်</u> –

အိုကယ်တင်ပိုင်ရှင်၊ ကျွန်ုပ်ဆုတောင်းပါသည်။ ယေရှု၏ အလင်းတော် ထွန်းလင်းတောက်ပပါစေသော။ ကျွန်ုပ်၏ဘဝမှတဆင့်၊ ယနေ့ပင် ကျွန်ုပ်ကို တပါးသူအတွက် ဆုကျေးဇူးကောင်းချီးမင်္ဂလာဖြစ်ပါစေသော။

### <u>နိဂုံးချုပ်</u>–

လူတိုင်းလူတိုင်းသည် ဆုကျေးဇူးကောင်းချီး မင်္ဂလာများကို သဲသဲမဲမဲ၊ အဆက်မပြတ်ရှာသွန်းလိုက်သော မိုးကဲ့သို့ ခံစားလိုသည်။

ဤကဲ့သို့ခံစားနိုင်ရန် မည်သို့ ဆောင်ရွက်ရမည်နည်း။

<u>*ရှင်လုကာခရစ်ဝင်၊ အခန်းကြီး ၆၊ အခန်းငယ် ၃၈၊*</u> အရ –

သူတစ်ပါးတို့အား ရက်ရောစွာပေးကြလော့။ သို့မှသာဘုရားသခင်သည် သင်တို့အား ရက်ရောစွာ ပေးတော်မူလိမ့်မည်။ သိပ်လျက် နှိပ်လျက် လှုပ်ခါလျက် ပြည့်လျှံနေသော တောင်းပမာဏဖြင့် သင်တို့၏ လက်ထဲသို့ ပေးတော်မူလိမ့်မည်။ သင်တို့သည် သူတပါးအား ချိန်တွယ်ပေးသည့်တောင်းပမာဏအတိုင်း ဘုရားသခင်သည် သင်တို့အား ပေးတော်မူလိမ့်မည်။ တနည်းအားဖြင့်ပြောရလျှင် စိုက်သည့်အတိုင်း ရိတ်သိမ်းရမည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် သူတပါးအတွက် ဆုကျေးဇူးမင်္ဂလာ ဖြစ်စေရန် –

(၁) ခရစ်တော်အကြောင်းကို သက်သေခံ ပြောပါ။ ဖြန့်ဝေပါ။
(၂) နက်နဲလှသော ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်ကို ဝေငှကြပါ။
(၃) ကိုယ်တော်၏ခွင့်လွှတ်နိုင်သော တန်ခိုးအာဏာတော်ကို ကြေငြာပါ။
(၄) ဖျားနာသသူများ နှင့် အလုပ်အကိုင် ရှာဖွေနေသောသူများအတွက် ဆုတောင်းပေးပါ။
(၅) အကူအညီလိုသောသူများ နှင့် ဆင်းရဲသူတို့ကို တတ်နိုင်သမျှ ကူညီပါ။
(၆) ဝမ်းနည်းစိတ်ပျက်၊ ခွန်အားနည်းသူ တို့ကို အားပေးပါ။
(၇) အသင်းတော်၌ စိတ်မပျက်ဘဲ၊ စိတ်ဓါတ်မကျ၊  ကြံ့ကြံ့ခိုင်ခိုင်၊ တတ်စွမ်းသရွေ့ ဘုရားသခင်ကောင်းချီးပေးတော်မူသည့်အတိုင်း ပါဝင် ဆက်ကပ် လှူဒါန်းပါ။

(တရားဟောရာကျမ်း၊ အခန်းကြီး ၁၆၊ အခန်းငယ် ၁၇။) အကြောင်းမူကား ပေးကမ်းစွန့်ကြဲခြင်းသည် လက်ခံရယူခြင်းထက် သာ၍ မင်္ဂလာ ရှိသည်ဟု သခင်ခရစ်တော်ယေရှု မိန့်တော်မူခဲ့၏။

**<u>ဓမ္မသီချင်းမှခွန်အားရယူခြင်း။</u>**

- ဒေါသထွက်လျှက်၊ ဝမ်းနည်းစိတ်ပျက်၊ ရင်ကွဲပက်လက်၊ ခွန်အားချိနဲ့၊ ခိုကိုးရာမဲ့၊ ဖြစ်သောအခါ အချိန်ပေးပြီး နှိမ့်ချစွာဖြင့် ဘုရားသခင်ထံတော် သို့ချဉ်းကပ်၍ ဆုတောင်းပါ။
- ဓမ္မသီချင်းတပုဒ်ကို အားရပါးရ စိတ်ရောကိုယ်ပါ အသဲထဲရင်ထဲ လှိုက်လှိုက်လှဲလှဲ သီဆိုကြည့်ပါ။ သို့တည်းမဟုတ် အားရပါးရ စိတ်ရောကိုယ်ပါ အသဲထဲရင်ထဲ လှိုက်လှိုက်လှဲလှဲ သီဆိုထားသော ဓမ္မသီချင်းတပုဒ် ကိုနားထောင်ကြည့်ပါ။
- တခြောင်းခြောင်းထွက်နေသောအမျက်ဒေါသသည် တဖြည်းဖြည်း ပြေလာမည်။
- တယိမ်းယိမ်း တယိုင်ယိုင် ကျနေသောစိတ်ဓါတ်သည် တဆင့်ဆင့် တထစ်ထစ် ချင်း ပြန်တက်လာမည်။
- တကွဲတပြဲ ဖြစ်နေသော ကိုယ်၊စိတ်၊နှလုံး(၃)ပါးသည် တလုံးတဝတည်း ဖြစ်လာမည်။
- တတုန်တုန် တချိချိ ဖြစ်နေသောခွန်အားသည် တဒုန်းဒုန်း တဒိုင်းဒိုင်းဖြင့် ပြန်လည်၍ အားပြည့်လာမည်။
- ပန်းမျိုးပေါင်းစုံ ဝေဝေဆာဆာ လှလှပပ ပွင့်လာသလို ခံစားရမည်။
- သာယာစွာ သီချင်းသီဆိုကျူးသော ငှက်ခလေးများ ရောက်ရှိ လာသလို ခံစားရမည်။
- သီးထန်စွာမိုးရွာအပြီး လှပသောရောင်စုံသက်တန့် ပေါ်လာသလို ခံစားရမည်။

အရေးကြီးဆုံးကတော့ ကြေကွဲနေသော ကျွန်ုပ်တို့၏နှလုံးသားကို သခင်ခရစ်တော်က နှစ်သိမ့်ကုသပေးနေပါသည် ဟူသော အသိစိတ်ဓါတ် ကျွန်ုပ်တို့စိတ်နှလုံးထဲသို့ ဝင်လာသည် ဟူသော ရရှိခံစားမှုအားဖြင့် ငြိမ်သက်ခြင်းကို ဖြစ်စေပါသည်။




# "THANK GOD FOR SALVATION!"

Well, this week marks Thanksgiving Day that I've celebrated. I've been able to actually verbalize what I'm thankful for. And that list should be so long for each of us.

Right now we can list so much to be thankful for;

• Be thankful we have food on your plate, we aren't constantly hungry, we don't see our house pets as meals!!

• Be thankful if you enjoy freedom of speech, you can be a complete idiot and your free to prove it to the whole world

• Be thankful if you have an unlimited supply of water, if your plants are never thirsty, even your dog can drink from a bowl, sometimes one that you don't flush.

• Be thankful if you have freedom of worship, whether want to attend a church, a temple or a mosque, you can

• Be thankful you can see a doctor, usually when you need to

• Be thankful you got up today, and no one had to dress you, or wheel you in to church

• Be thankful if you have a job, even if it doesn't have the best benefits, or if its not the best pay

• Be thankful if you have a roof over your head, and if that roof is wide enough to cover your whole family, and the floor is more than the ground below that roof

Do you see what I mean? This list could go on and on this morning if I wanted it too! Your family, your clothes, your friends, air condition, a furnace… so on. But I want to tell you what I am most thankful for today. And what should be at the top of everyone's list. And if it is not, it should only be because you do not have it, but you should be quick to get it today.

That is SALVATION!!!!!

There is nothing in the world as valuable, nothing more important, nothing I need more, and nothing I want more. I thank God for SALVATION!!!!

Now zone in on a key verse here… Luke 9:25
"What good is it if a man gains the whole world, but loses his soul."

You know you may be thankful for a lot of things today, but what do they amount to if you don't know that you will not lose your soul.

It is very simple, you might have plenty of food, a great home, a wonderful family, nice car …
but that means nothing if you don't know Christ!!! I said it, it means nothing if you don't know Christ. That is exactly what Jesus was saying in … Luke 9:25 !!

In these words Jesus is trying to give us some perspective…but apparently many of us missed the lesson. We still get so caught up in materialism, in our wants, what others have and we don't, on climbing the social and work ladder. Having more and more, having everything that is bigger, better and brand new!

And please realize, You were created to have fellowship with God, and you have no idea what being thankful is until you experience salvation!!!

Without salvation, I don't know what you do have to be thankful for.

- Your money is not going with you.
- Your house will be someone else's home.
- Your food will soon be gone and you'll have to go buy more, and chances are, doctors will tell you what you just ate is going to give you sick.
- Your clothes will either become too small, too old, go out of style.

I'm serious!!!
If you don't know Christ, what exactly are you thankful for???

And some of you are thinking about your kids, and your spouse and you think, whether I know Christ or not, I'm still thankful for them!!!!! I'm thankful to be alive!!

1– Who gave you life? And you don't know Him as your savior? Your not thankful then are you?

2– If your family knows the Lord, and you don't, eventually you will part with them, never to see them again. And if they know salvation, how thankful for them are you if you do not plan to spend and eternity with them, but rather let them worry daily about your relationship with Jesus Christ????

3 – If they don't have salvation, than you and your family are all headed to an eternity in hell.

How thankful are you if you are content to let them live a life that is leading them to hell?!!?

You see, there is nothing to be thankful for in a life without Christ. But with Him and His salvation, I can be thankful in all situations. I don't love money, I don't hardly have any, and I won't need any where I'm going the food I ate was a blessing and if it does give me cancer, thank God He will strengthen me for the battle ahead Are you with me??

I Thess 5:18 says, “In all circumstances ... give thanks”
I can do that today only because I know Christ.
I knew the Lord was there bringing his strength and comfort to those in need. I have been sick ... I have been afraid ... I have been put down ... I have been hurt ... but I can give thanks knowing that these things help me realize even more my need for a Savior.

I want you to know today that Jesus Christ wants to forgive you of your sins, and set you free of all guilt, shame and the burdens you carry around. He wants to teach you what it really is to be thankful. What it is to truly know that everything will be alright. To know that one day you will spend an eternity in heaven with the same Almighty God that carried you through your life on earth. I want you to have the best Thanksgiving you have ever had, by spending it, no matter where you go, with Jesus Christ.

Thank God that salvation is still available!

~~~~~~~~~~~~~~~~

## Give thanks

Give thanks with a grateful heart,
Give thanks to the Holy One
Give Thanks because He has given
Jesus Christ His son

And now let the weak say, 'I am strong'
Let the poor say, 'I am rich
Because of what the Lord has done for us.

~~~~~~~~~~~~~~~~

**John 3:16**

King James Version (KJV)

For God so loved the world that he gave his only begotten Son, that whosoever believeth in him should not perish, but have everlasting life.

~~~~~~~~~~~~~~~~

# *If you were*

**John Ma**

If GOD asks you the following questions, what will your answers be?

**GOD:** “If you were physically handicapped and disabled, would you still serve Me and love Me?”
**My excuse:** “How could I serve you and love you with my handicap and disability?”
**Answer:** ”Yes, I would because physical handicap and disability merely means an inconvenience to do things but not the impossibility to get things done with GOD’s grace, determination and help.”

**GOD:** “If you were blind, would you still love to see and enjoy the beauty of My creation?”
**My excuse:** ”How could I see and enjoy without my eye sight?”
**Answer:** ”Yes, I would because seeing and enjoying the beauty of GOD’s creation is not merely using our eyes, but our hearts and mind also. Just being blind doesn’t mean we can’t have great vision and visualization. Be Thou my vision.”

**GOD:** “If you were deaf, would you still listen to My word?”
**My excuse:** ”How could I listen without my hearing?”
**Answer:** ”Yes, I would because listening to GOD's Word is not merely using our ears, but our hearts also. In this noisy world, only when we really listen quietly with our heart that we can hear the whispering hope and words from GOD.”

**GOD:** “If you were mute, would you still sing and praise My Name?”
**My excuse:** ”How could I sing and praise without my voice?”
**Answer:** ”Yes, I would, because GOD prefers us to sing and praise from the bottom of our very heart and soul with all our heart and mind. It does not matter what we sound like.”
~~~~~~~~~~~~~~~~